## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်
## အမှတ်စဉ် (၅/၂၀၁၈)

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ်(၅/၂၀၁၈)ကို ၂၀၁၈ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် ရန်ကုန်မြို့ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနရုံးတွင် ကျင်းပ ပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၅/၂၀၁၈)တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁) ခု ခွင့်ပြုခဲ့ပြီးခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုခဲ့သည့် လုပ်ငန်း(၁)ခု နှင့် မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြုပေးခဲ့သည့် လုပ်ငန်း(၁)ခု ရှိသဖြင့် ယခု အစည်းအဝေးကာလတွင် စုစုပေါင်းလုပ်ငန်း(၃)ခုမှ ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၉.၃၀၇)သန်းကို ခွင့်ပြု/အတည်ပြုပေးခဲ့ပြီး အဆိုပါလုပ်ငန်းများမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၁,၅၇၆)ခုကို ဖန်တီးပေးမည် ဖြစ်ပါ သည်။ ခွင့်ပြု/ အတည်ပြု လုပ်ငန်း(၃)ခုမှာ စက်မှုကဏ္ဍ လုပ်ငန်း (၂) ခု၊ အခြား ဝန်ဆောင်မှုကဏ္ဍ (၁)ခု ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လကာလအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဧပြီလအထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၃)ခု၊ ရင်းနှီး မြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၉.၃၀၇)သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ  အမေရိကန်ဒေါ်လာ (၄၄.၂၁၉)သန်း ဖြစ်ပါသည်။ ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လကာလအတွက် အထူးစီးပွားရေးဇုန် ဥပဒေအရ သီလဝါ အထူးစီးပွားရေးဇုန်တွင် ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၂၁.၈၀၀) သန်း ခွင့်ပြုခဲ့သဖြင့် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီး မြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၆၆.၀၁၉) သန်း ဖြစ်ပါသည်။

အဆိုပါ အစည်းအဝေးတွင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၈) ခု ခွင့်ပြုခဲ့ပြီး ခွင့်ပြုခဲ့ပြီး လုပ်ငန်း(၃) ခုကို အတည်ပြုခဲ့ပါသည်။ မန္တလေးတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြု ပေးခဲ့သည့် လုပ်ငန်း (၂)ခု နှင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီက အတည်ပြု ပေးခဲ့သည့် လုပ်ငန်း(၁)ခုရှိသဖြင့် စုစုပေါင်း လုပ်ငန်း(၁၄)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ (၁၀၆.၀၄၆) သန်း အပါအဝင် ကျပ် (၆၀၃,၁၈၈.၈၆၃) သန်း ခွင့်ပြု/ အတည်ပြု ပေးခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း ပေါင်း(၂,၂၈၅)ခုကို ဖန်တီး ပေးမည်ဖြစ်ပါသည်။ ခွင့်ပြု/အတည်ပြုလုပ်ငန်း(၁၄)ခု မှာ ဟိုတယ် နှင့် ခရီးသွားကဏ္ဍ(၄)ခု၊ မွေးမြူရေး နှင့် ရေလုပ်ငန်းကဏ္ဍ(၁)ခု၊ စက်မှုကဏ္ဍ (၄)ခု၊ အခြား ဝန်ဆောင်မှု ကဏ္ဍ(၃)ခု၊ အိမ်ယာ အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ (၁)ခုနှင့် လျှပ်စစ် ကဏ္ဍ (၁)ခု တို့ ဖြစ်ပါသည်။

၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လကာလအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးခဲ့မှုမှာ ၂၀၁၈ ခုနှစ် ဧပြီလအထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၄)ခု၊ အမေရိကန် ဒေါ်လာ (၁၀၆.၀၄၆) သန်း အပါအဝင် ကျပ်(၆၀၃,၁၈၈.၈၆၃) သန်း ဖြစ်ပါသည်။ ရင်းနှီး မြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၁၀၇.၁၂၆) သန်း အပါအဝင် ကျပ်(၆၁၂,၁၈၈.၈၆၃)သန်း ခွင့်ပြုပြီးဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm